# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကို လိုတိုင်းရအောင် ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍာဝဂ် (ဓမ္မပဒ – ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်    ၂၀၂၀ ပြည့်နှစ်၊ မတ် ၂၂ ရက်၊ တနင်္ဂနွေနေ့    အတွဲ (၅၉)၊ အမှတ် (၁၇၄)


# COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်း

### COVID-19 ရောဂါသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဖွဲ့ဝင် ၁၉၄ နိုင်ငံတွင် ၁၇၇ နိုင်ငံ၌ ကူးစက်ဖြစ်ပွားနေပြီး မြန်မာနိုင်ငံအပါအဝင် ၁၇ နိုင်ငံတွင်သာ ရောဂါဖြစ်ပွားမှုမတွေ့ရှိသေး၊ ကြိုတင်ပြင်ဆင်မှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေ

ရန်ကုန် မတ် ၂၂

ကျန်းမာရေးနှင့် အားစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးညဏ်ဝင်းက ထောက်ပံ့လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် Skynet (ရွှေသံလွင်မီဒီယာ)မှ ဒါရိုက်တာ အကယ်ဒမီမောင်မျိုးမင်း (ရင်တွင်းဖြစ်)နှင့်

စာမျက်နှာ ၅ ကော်လံ ၁ ❖



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးနှင့် ကလေးဆေးရုံဝင်းအတွင်းရှိ အသွားအလာကန့်သတ်ထားရှိ၍ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) ပြုလုပ်နေသော သုံးထပ်လူနာဆောင်အသစ်သို့ သွားရောက်ကြည့်ရှုစဉ်။ သတင်းစဉ်



## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ စနစ်တကျ လက်ဆေးကြပါစို့

စာ »၃

.........................

## ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်တစ်စင်းရဲ့မိသားစု (မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု)

စာ »၆

# မြန်မာနိုင်ငံသို့လာရောက်သည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များကို ပူးပေါင်းဆောင်ရွက်ကြရန်အကြံပြု

နေပြည်တော် မတ် ၂၂

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားများ ဘေးကင်းလုံခြုံအဆင်ပြေစွာ အပန်းဖြေအနားယူနိုင်ရန် ရည်ရွယ်ချက်ထား ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များကို ပူးပေါင်းဆောင်ရွက်ကြရန် အကြံပြုချက် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါအကြံပြုချက်တွင် ကမ္ဘာတစ်ဝန်း COVID–19 ရောဂါပျံ့နှံ့မှုနှုန်းအလွန်များပြားလာသည့်အတွက် ရောဂါကူးစက်မှုထပ်တိုးလာသည့် နိုင်ငံများမှ မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်မှုဆောင်ရွက်မည့် ကန့်သတ်ချက်အသစ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါပြန့်ပွားမှုနှုန်း အလွန်မြင့်မားလာသည့် ထပ်တိုးနိုင်ငံများအပေါ် ယာယီကန့်သတ်ချက်များ အမေရိကန်ပြည်ထောင်စု၊ ဆွစ်ဇာလန်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ နော်ဝေနိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့တွင် လွန်ခဲ့သည့် ၁၄ ရက်အတွင်း နေထိုင်ခဲ့သူများနှင့် သွားရောက်ခဲ့ဖူးသည့် မြန်မာနိုင်ငံသားများ အပါအဝင် ခရီးသွားများအားလုံးကို မြန်မာနိုင်ငံသို့ ရောက်ရှိချိန်မှစတင်၍ ၁၄ ရက် သီးသန့်သတ်မှတ်ထားသည့် နေရာများတွင် ထားရှိစောင့်ကြည့် မှု (Facility Quarantine) ပြုလုပ်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံဆိုင်ရာ သံတမန်များ၊ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိချိန်မှစတင်၍

စာမျက်နှာ ၈ ကော်လံ ၁ ❖


